ဤသို့ အနုပဿနာသုံးပါးတို့ကို သိအပ်ပေ၏။

§ 7. *Of the Divisions of the Exercises in Purity.*

I.—1. Purity of morals is the four kinds of utterly pure conduct entitled :

(*a*) discipline as prescribed by the P ā ṭ i m o k k h a.[2]
(*b*) discipline of [mental and bodily] facultiea.[3]
(*c*) utter purity of condnct connected with livelihood.
(*d*) conduct in connection with the necessaries of life.[4]

2. Purity of mind is the twofold concentration of the accessory and the ecstatic stage.[5]

3. Purity of views is the comprehenaion of mind-and-body with reference to their [respective] features,[6] essential properties,[1] resulting phenomena,[2] and proximate causes.[3]

ဝိသုဒ္ဓိဘေဒါ

သီလဝိသုဒ္ဓိ

၅၁။ ကထံ.....

ပါတိမောက္ခသံဝရ သီလं, ဣန္ဒြိယသံဝရ သီလं, အာဇီဝပါရိသုဒ္ဓိ သီလं, ပစ္စယသန္နိဿိတ သီလ-ဣတိ စတုပါရိသုဒ္ဓိ သီလ သီလဝိသုဒ္ဓိ နာမ။

ဝိသုဒ္ဓိ (၇) ပါး အကျယ်

ဝိသုဒ္ဓိ(၇) ပါးဖြစ်ပုံ အကျယ်ကို မည်သို့သိအပ်သနည်း

၅၁။ သီလ အထူးစင်ကြယ်ခြင်း (သီလဝိသုဒ္ဓိ) မည်သည်ကား-

ပါတိမောက္ခသံဝရသီလ
ဣန္ဒြိယသံဝရသီလ
အာဇီဝပါရိသုဒ္ဓိသီလ
ပစ္စယသန္နိဿိတသီလ

ဤသို့ သီလလေးမျိုးကို စောင့်ထိန်းခြင်းသည် သီလအထူး စင်ကြယ်မှု (သီလဝိသုဒ္ဓိ) မည်ပေ၏။

စိတ္တဝိသုဒ္ဓိ

၅၂။ ဥပစာရ သမာธิ, အပ္ပနာ သမာธิ ဧကတိ ဒုဝိဓေါ သမာธิ စိတ္တဝိသုဒ္ဓိ နာမ။

စိတ်အထူးစင်ကြယ်ခြင်း (စိတ္တဝိသုဒ္ဓိ မည်သည်ကား)-

ဥပစာရသမာธิ - အပ္ပနာသမာธิ

ဤသို့ သမာธิနှစ်မျိုး ဖြစ်ပေါ်ခြင်းသည် စိတ်အထူးစင်ကြယ်၏။

၅၁ သီလဝိသုဒ္ဓိ

၁။ ရဟန်းတို့မှာ ပါတိမောက်ခွဲလာသော ၂၂၇ ပါးသော သိက္ခာပုဒ်တော်အပေါင်းသည် ပါတိမောက္ခသံဝရ သီလမည်၏။

၂။ စက္ခုဝေါ ဣန္ဒြေကိုကောင်းစွာလုံချုံအောင် စောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလ မည်၏။

၃။ ပြတ်စ္ဆာဘုရားစက်ဆုပ်အပ်သော မိစ္ဆာဇီဝအမျိုးပြင့်ရသော ပစ္စည်းတို့ကိုရှောင်ကြဉ်၍ တရားသမျှင့်ဝင်သော ဓမ္မိယလဒ္ဓကပြိယပစ္စည်း ၄ ပါးတို့ကိုသာ မှီခိုသုံးဆောင်၍ အသက်မွေးခြင်းသည် အာဇီဝ ပါရိသုဒ္ဓိ သီလ မည်၏။

၄။ တရားသမျှင့်ရှုအပ်သောပစ္စည်း ၄ ပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်မှီခိုခြင်းသည် ပစ္စယ အမှီအခို တသီလမည်၏။

ဤသီလ ၄ ပါးခန့်လိုက်ပြည့်စုံစင်ကြယ်မှုသည် သီလဝိသုဒ္ဓိမည်၏။

၅၂ စိတ္တဝိသုဒ္ဓိ

ဥပစာရသမာธิ၊ အပ္ပနာသမာธิ ၂ ပါးသည်(၀၊) သမာธิ ၂ ပါးနှင့်ယှဉ်သောစိတ်သည် ကာမဘဝနှင့်ရူပ ဘဝသောအညစ်အကြေးတို့မှ စင်ကြယ်သောကြောင့် စိတ္တဝိသုဒ္ဓိမည်၏။ ဝိပဿနာကမ္မဋ္ဌာန်းကို အဟုတ်ကြီး ဝမ်းမည့် ဟောင်းသည် သမထကမ္မဋ္ဌာန်းကို လေ့ဂီးစွာ ဥပစာရသမာธิလောက်ဖြစ်စေ အပ္ပနာသမာธิသို့ ရောက်အောင်ဖြစ်စေ အားထုတ်၍ ဒီဝရကတို့မှ စင်ကြယ်စေသဖြင့် ဝိပဿနာကမ္မဋ္ဌာန်းအာရုံထိ ရောက်စေနိုင်၏။

[2] See Childera's Dict., s.v. P ā ṭ i m o k k h a; Rhys Davids's *Buddhism*, p. 162.
[3] Lit., 'discipline of control'—i.e., sense-control.
[4] Clothing, food, lodging, medicine.
[5] See Part IV., § 7.

၅၃ ဒိဋ္ဌိဝိသုဒ္ဓိ

၅၃။ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန, ပဒဋ္ဌာန ဝသေန နာမရူပ ပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိ နာမ။

၅၃ ဒိဋ္ဌိဝိသုဒ္ဓိ

၅၃။ နာမ်ရူပ်တို့၏ မှတ်ကြောင်း လက္ခဏာ၊ ပြည့်စုံမှု ရသ၊ ရှေ့ရှုထင်သော အခြင်းအရာ ပစ္စုပဋ္ဌာန်၊ နီးသောအကြောင်း ပဒဋ္ဌာန်၊ ဤလေးပါး အစုမ်းဖြင့် နာမ်ရူပ်ကို သိမ်းဆည်းခြင်း (၀၊) ပိုင်းခြားရှု်ယူခြင်းသည် အယူစင်ကြယ်ခြင်း (ဒိဋ္ဌိဝိသုဒ္ဓိ) မည်၏။

[4] Lakkhaṇa here is explained in the comments by sāmañña-sabhāvo, the ordinary feature of *each* thing.

[1] Raso, lit., 'taste.' Rasa is either kiccarasa, 'function,' or sampattirasa, 'property.'

[2] Paccupaṭṭhānaṇ, lit., 'that which re-appears.' Its two aspects are: upaṭṭhānākārā-paccupaṭṭhānaṇ, 'resulting modes,' 'state or condition which appears'; phala-paccupāṭṭhānaṇ, 'resulting effect which appears.

[3] Padaṭṭhānaṇ, omitted in J.P.T.S. The four terms here named are used in post-Piṭakan exegesis as constituting a scheme of definition, at least as definite as the post-Aristotelian scheme of genus, species, property, and accident.—Ed.

ကခ်ါဝိတရဏဝိသုဒ္ဓိ

4. Purity of escaping[4] from doubt is the comprehension of the causal relations of mind and body comprehended as aforesaid.[5]

[4] Vitaraṇa, lit., 'transcending,' from 'tarati', 'to swim across.'

[5] Tesaṇ eva nāmarūpānaṇ.

၅၄။ တေသ-မေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကခ်ါဝိတရဏ ဝိသုဒ္ဓိ နာမ။

၅၄။ ယုံမှားသံသယ လွန်မြောက်သည့် ဉာဏ်၏ စင်ကြယ်ခြင်း (ကခ်ါ-ဝိတရဏဝိသုဒ္ဓိ) မည်သည်ကား ထိုနာမ်ရူပ်တို့၏ အကြောင်းကို ပိုင်းခြားယူခြင်း (၀၊) သိမ်းဆည်းခြင်းသည် ကခ်ါဝိတရဏ-ဝိသုဒ္ဓိ မည်၏။

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

5. After escaping from doubt, the meditator, bearing in mind the method of aggregates, etc.,[6] groups, by way of those syntheses, the triple planed [universe of] things, which are differentiated into past [present], etc,[7] and the causal relations of which have been comprehended as aforesaid.[8] Understanding 'Impermanence' by reason of dissolution,[9] 'Ill,' by reason of fearfulness, and 'No-Soul,' by reason of the absence of a [substantial] entity,[10] he contemplates[11] the Triple Mark by the 'knowledge of things as composite' (§ 6, IV., 1) by way of duration, continuity, or moment.[12]

[6] Khandhādi-nayam ārabbha.

[7] Atītādibhedabhinnesu. See p. 185, n. 5, for the eleven (Piṭakan) aspects of differentiation into past, present, future, internal, external, gross, subtle, high, low, distant, and near, which Nibbana lacks.

[8] Tathā pariggahitesu sapaccayesu.

[9] Aniccaṇ khayaṭṭhena, lit., 'impermanence,' because of the meaning of dissolution.

[10] Lit., 'because they have no pith' (sāra).

[11] Lit., 'handles,' sammasati.

[12] *I.e.*, by way of space or point of time.

(မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ) မည်သည်ကား

သမ္မသနဉာဏ်ခန်း

၅၅။ တတော ပရံ ပန တထာ ပရိဂ္ဂဟိတေသု သပ္ပစ္စယေသု တေဘူမကသင်္ခါရေသု အတီတာ-ဒိ ဘေဒဘိန္နေသု ခန္ဓာ-ဒိ နယ-မာရဗ္ဘ ကလာပဝသေန သင်ခ်ိပိတ္တာ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေ နာ-တိ အဒ္ဓါနဝသေန, သန္တတိဝသေန, ခဏ ဝသေန ၀၊ သမ္မသနဉာဏေန လက္ခဏတ္တယံ သမ္မသန္တသေ တေသ-ဝ ပစ္စယ ဝသေန, ခဏဝသေန စ ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တသေ စ။

၅၅။ ကခ်ါဝိတရဏ ဝိသုဒ္ဓိ အဆင့် ရောက်ပြီးသည့်နောက် အထက်တွင် ဆိုခဲ့ပြီးသော အခြင်းအရာအားဖြင့် ပိုင်းခြားရှုမှုအပ်ပြီး သော အကြောင်းနှင့်တကွ ဖြစ်သော အတိတ်စသော အပြားအားဖြင့် ပြားကုန်သော ဘုံသုံးပါးဖွဲ့ဖြစ်သော သင်ခါရတရား တို့၌ ခန္ဓာ စသော နည်းကိုအစွဲပြု၍ တပေါင်းတည်း အကျဉ်းချုံး၍ ကုန်ခန်း ခြင်းသ ဘောကြောင့် ခန္ဓာနာမ်ရူပ်သည် အနိစ္စ၊ ကြောက်မက်ဖွယ် ဘေး ဖြစ် သောကြောင့် ဒုက္ခ၊ အနှစ်သာရ မရှိသောကြောင့် အနတ္တ လက္ခဏာ ရေး သုံးပါးဖြင့် သုံးသပ်အပ်၏။

ဟင်းသို့ သုံးသပ်ရာတွင်–

အဒ္ဓါသမ္မသနနည်း – သန္တတိသမ္မသနနည်း – ခဏသမ္မသနနည်း – ဤသို့သော နည်းသုံးနည်းဖြင့် လက္ခဏာရေးသုံးပါးကို ရှုမြင်သုံးသပ် ရပေသည်။ (ဤကား သမ္မသနဉာဏ် ဖြစ်ပုံတည်း)။

ဇာပိုဒ် ၅၃ ဝိဠိဝိသုဒ္ဓိ

ပရမတ္ထဘုရားတို့၌ ယောဂီ ဟုဂ္ဂုလ်မျှားသိတို့ရန် အမှတ်အသား တမျိုးစီရှိကြ၏။ ထိုအမှတ်အသားကို လက္ခဏာဟုခေါ်သည်။ ပရမတ္ထထရားတို့၏ ပြုဘုယ်ကိစ္စဟူသော ကိစ္စရပ်၊ အကြောင်းရုံညီ၍ ဖြစ်ပုံဟူသော သမ္ဘူတိရပ် ၂ မျိုးသည် ရသမည်၏။ ဉာဏ်အား ရှေးရှုထင်သော အခြင်းအရာ အကျိုးတရားသည် ပစ္စုပ္ပဌာန်မည်၏။ နီးစပ်သော အကြောင်းတရားသည် ပဒဋ္ဌာန်မည်၏။

စိတ်စေတသိက်ဟူသော နာမ်နှင့် နိပ္ပန္နရူပ်တရားတို့ကိုလက္ခဏရသ ပစ္စုပဌာန်ပဒဋ္ဌာန်တင်၍ ဆင်ခြင်လိုက်သောအခါ–သိမှုသည်စိတ်၊ ခံစားမှုသည် ဝေဒနာ၊ မှတ်သားမှုသည် သညာ၊ ပြုလုပ်အားထုတ်မှုကား သင်္ခါရ၊ ဖေါက်ပြန်တတ်သော ဤခန္ဓာကိုယ်ကြီးကားရူပ်တည်း–ဟုသိမြင်ခြင်းသည်ပင် အတ္တစွဲလမ်းမှုဟူသော ဒိဋ္ဌိအကြေးမှ ကင်းဝေးစင်ကြယ်သောကြောင့် ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ဤသို့ဆင်ခြင်ဘန်မျှားလျှင် သတ္တဝါမရှိ ပုဂ္ဂိုလ်မရှိ အတ္တမရှိ ယောဂျားမရှိ မိန်းမမရှိ၊ ရှိပ်နာမ်သာရှိသည်ဟု မိမိရရသဘောကျသဖြင့် အတ္တဒိဋ္ဌိအညစ်အကြေးမှ ကင်းဝေးစင်ကြယ်၍ ဒိဋ္ဌိဝိသုဒ္ဓိနှယ်သို့ရောက်လေပြီ။

ဇာပိုဒ် ၅၄ ကင်္ခါဝိတရဏဝိသုဒ္ဓိ

နာမ်ကားအဝိဇ္ဇာသင်္ခါရဟေတုစသော အကြောင်းတရားကြောင့်ဖြစ်၏။ ရူပ်ကား ကံစသောအကြောင်းတရားကြောင့်ဖြစ်၏ဟု ရူပ်နာမ်တို့၏ ဖြစ်ကြောင်းကို ကောင်းကောင်း သိမြင်သောအခါ–ရှေးရှေးဘဝတုန်းကလည်း အကြောင်းအားလျှော်စွာ ရူပ်နာမ်ခန္ဓာတို့ဖြစ်ခဲ့လေပြီ။ ရဟန္တာမဖြစ်သေးသမျှ နောက်နောင်ဘဝတို့၌လည်း အကြောင်းအားလျှော်စွာ ဖြစ်ကြရလိမ့်ဦးလတ့်–ဟု သဘောကျသဖြင့် ၁၆ ပါးသော ယုံမှားမှုများကို လွတ်မြောက်၍တည်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ။ကင်္ခါ ၁۶ ပါးကား–

(၁) ငါသည် လွန်လေပြီးသောကာလ၌ ဖြစ်ဘူးပြီလော။ (၂) လွန်လေပြီးသောကာလ၌ မဖြစ်ဘူးလေသလော။ (၃) ဆာယယ်သို့သောသူ ဖြစ်ဘူးလေသနည်း။ (၄) အဘယ်သူသည်ကား၊ ဖြစ်ခဲ့ပါလိမ့်မည်နည်း။ (၅) ဟိုတတိယဘဝကဘယ်သို့ဖြစ်ခဲ့၍ လွန်ပြီးသော ဒုတိယဘဝ၌ ဘယ်လိုဖြစ်ခဲ့ပါလိမ့်မည်နည်း–ဟု အတိတ်ဘဝအတွက် ယုံမှားချက် ၅ ပါး၊ အနာဂတ်ဘဝအတွက် ၅ ပါး ပေါင်း ၁၀ ပါးဖြစ်၏။

ပစ္စုပ္ပန်အတွက် ယုံမှားခြင်း ၆ ပါးမှာ–(၁) ငါဟုတ်လေသလော။ (၂) ငါမဟုတ်လေသလော။ (၃) ဆာယယ်သို့သောသူသည် ငါဖြစ်လေသနည်း။ (၄) အဘယ်သို့သော အခြင်းအရာအားဖြင့် ငါဖြစ်ရသနည်း။ (၅) ဤငါဖြစ်သော အတ္တဝါအတ္တဘောသည် အဘယ်ဘဝကလာခဲ့လေသနည်း။ (၆) ထိုအတ္တဘောသည် အဘယ်အဝသို့လားရလတ့်နည်း။

ဇာပိုဒ် ၅၅ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

ရှေးဝိသုဒ္ဓိ လေးပါးအခိုက်၌ အနိစ္စ ဒုက္ခ အနတ္တဟုမဟုသေး။ သီလဝိသုဒ္ဓိမြင့် သီလတိုင်းကြယ်ဝေခဲ့၍ စိတ္တဝိသုဒ္ဓိမြင့်သမျှ ဝိရဇောင် ထားထုတ်ခဲ့၏။ ဒိဋ္ဌိဝိသုဒ္ဓိ၌နာမ်ရူပ်တို့ကို ပိုင်းခြားရှာဖွေခဲ့၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ နာမ်ရူပ်တို့၏အကြောင်းရင်းကို ရှာဖွေခဲ့၏။ ယခုအခါ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြစ်ဘို့ရာအကြောင်းနှင့်တကွ သိပြီးသော တေဘူမကနာမ်ရူပ်တို့ကို လက္ခဏာယာဉ်၃ ပါးသို့တင်၍ သမ္မသနဉာဏ်ဖြင့် သုံးသပ်ဆင်ခြင်တော့သည်။ သုံးသပ်တတ်သော ဉာဏ်ကိုသမ္မသနဉာဏ်ခေါ်သည်။

သမ္မသနနသည် ကလာပသမ္မသန၊ ဃဋ္ဋာသမ္မသန၊ သန္တတိသမ္မသန၊ ခဏသမ္မသနဟု ၄ မျိုးရှိ၏။ ဃတိတ်ဘဝ၌ဖြစ်သောရူပ်နာမ်စသည်ဖြင့်မခွဲခြားဘဲ၊ ရှုဟကွန္ဒာအားလုံး ဝေဒနာကွန္ဒာ အားလုံးစသည်ဖြင့် ရှေ့တရှေ့တခုကိုအပေါင်းပြု၍ သုံးသပ်ခြင်းသည်ကလာပ သမ္မသနမည်၏။ ဃတိတ်ဘဝ၌ဖြစ်သော ရူပကွန္ဒာ ပဋိပ္ပန်ဘဝ၌ဖြစ်သော ရူပကွန္ဒာစသည်ဖြင့် ဘဝခွဲခြားရှိ သုံးသပ်ခြင်းသည် ဃဋ္ဋာသမ္မသနနည်းမည်၏။ ဃရေပ်ဃစဉ်ဃပု ရူပ်အစဉ်စသည်ဖြင့် တဘဝတည်း၌ပင် အစဉ်အမျိုးမျိုးခွဲခြားရှိသုံးသပ်ခြင်းသည် သန္တတိသမ္မသနနည်းမည်၏။ ရူပ်အစဉ်တမျိုးတည်း၌ပင် ဥပါဒ်ဌိတဘင်ဟူသော ခဏအားဖြင့်ခွဲ၍ သုံးသပ်ခြင်းသည် ခဏသမ္မသနနည်း မည်၏။

၅၆ သမ္မသနဉာဏ်ရင့်သန်ပြီးနောက် တိုးတက်အားထုတ်သည့်အခါ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာ၏။ ဥဒယဗ္ဗယဉာဏ်ရင့်သန်သောအခါ ဖြစ်ပေါ်လာတတ်သော ဝိပဿနုပက္ကိလေသ ၁၀ ပါးကား–

၁။ သြဘာသ = ရူပ်နာမ်တို့၏အဖြစ်အပျက်ကို ရှင်းလင်းစွာသိမြင်သောအခါ လွန်စွာစိတ်ကြည်လင်ရကား ကိုယ်မှအရောင်အလင်းတို့သည် ထွက်ပြာကျန်၏။

၂။ ပီတိ = သြဘာသ သာမကသေး ခုဒ္ဒိကာပီတိစသော ၅ ပါးသော ပီတိမျိုးလည်း ဖြစ်ပေါ်၍ နှစ်သက်၏။

၃။ ပဿဒ္ဓိ = ကိုယ်စိတ် ၂ ပါးလုံးပြေငြိမ်းချမ်းသဖြင့် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဖြစ်၏။

၄။ အဓိမောက္ခ = ကမ္မဋ္ဌာန်းဟာရုံ၌ သက်ဝင်ဆုံးဖြတ်တတ်သော သဒ္ဓါတရားလည်းဖြစ်ပေါ်၏။

၅။ ပဂ္ဂဟ = စိပ်သနာစိတ်ကို နောက်မဆုတ်ရအောင် အားပေး ချီးမြှောက်ထောက်ပံ့ပေးတတ်သော စိရိယလည်းဖြစ်ပေါ်၏။

၆။ သုခ = တကိုယ်လုံးနှစ်ဖွယ်ရမှိတ်တွေကို ပြန့်နှံ့ထုံမှုမ်းစေတတ်သော သုခဝေဒနာလည်းဖြစ်၏။

၇။ ဉာဏ = သုခ်လက်ရှင်ပြန်အပြင်သန်သော စိပဿနာဉာဏ်လည်းဖြစ်ပေါ်၏။

၈။ ဥပဋ္ဌာန = ပြင်ပိုင်ရတောင်ပမာ ကမ္မဋ္ဌာန်းအာရုံ၌ လွန်စွာတည်တန့်သောသတိလည်းဖြစ်၏။

၉။ ဥပေက္ခာ = ထပြစ်ထပျက်ကိုရှုရန် ဗျာပါဒမပြုရတော့ဘဲ ထသင့်အားပြင့်ရှိနိုင်သောစိပဿနာဉာဏ်နှင့်ယှဉ်သော တည်ကြည်ကျွေးပေကွာမည်သော စိပဿနုပေက္ခာ။ ထိုပြစ်မှုပျက်မှုကို ထင်ခြင်လိုသည့်အခါ ထင်ခြင်နိုင်သော အာဝဇ္ဇနုပေက္ခာဟူသော ဥပေက္ခာ ၂ မျိုးလည်းပြစ်၏။

၁၀။ နိကန္တိ = သြဘာသစသည်တို့ပြင့်ဖြစ်သော စိပဿနာကိုသာယာနှစ်သက်နေတတ်သော ထဏှာလည်းပြစ်၏။

ဆိုခဲ့ပြီးသော သြဘာသပီတိစသည်တို့သည် ဖြစ်ပေါ်၍ လာသောအခါ ထိုအရောင်အစသော စသည်တို့ကို သာယာသောတဏှာနိကန္တိအတွက် ငါမက်ရပြီဟုအထင်မှားနေတတ်၏။ ထိုသို့ထင်မှားခြင်းကို ဤကား မက်မဟုတ်သေးဟု၍ ပိုင်းခြားသုံးပြတ်နိုင်သောသဘောသည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိမည်၏။

Next he contemplates again and again[13] the waxing and waning [of things] by the knowledge so designated (§ 6, IV., 2), by way of their causal relations and of moments. To such an one come

[13] Samanupassati.

Aura,[1] zest,[2] serenity, firm faith,[3] and effort[4] too,
Ease, knowledge, mindfulness,[5] indifference,[6] and heart's desire.[7]

Now purity of vision in discerning what is Path and what is not, is the discrimination of what bears the characteristic marks of Path-consciousness and what does not. This is done by the understanding of these [ten] inimical influences which corrupt Insight.

[1] Obhāso: 'rays emitted from the body on account of insight.'—Ceylon Cy. (§§ 7, 8 are misplaced in J.P.T.S. text, and omitted.—Ed.)

[2] Pīti (pleasurable interest).

[3] Adhimokkha, the controlling faculty of strong or resolute faith (balavasaddhindriya).

[4] Paggaho, sammappadhāna-kicca-sādhako, viriyasambojjhangasankhāto.—Ceylon Cy.

[5] Upaṭṭhānā, anussarana-samatthā upaṭṭhāna-sankhātā sati.—Ceylon Cy. A word oftener in *Patisambhidā Magga* than in the earlier Piṭaka books.—Ed.

[6] The Ceylon Commentator says that this represents *both* the tatramajjhattatā and the āvajjanupekkhā. But as 'balance of mind' is a useful adjunct of vipassanā, I am inclined to take only the latter—viz., absence of pleasure or pain in reflection.

6. Purity of vision in knowledge of progress comprises the Nine Knowledges[8] of one who, thus set free from inimical influences, contemplates[9] the Triple Mark by a regular progression in Insight,[10] from the knowledge of the waxing and waning of things up to the knowledge with which he fits himself [for the Path].[1]

[7] Nikanti. These ten phases which 'defile' and are inimical to vipassanā, and therefore termed vipassanupakkilesa-paribandhā, are dealt with in the *Visuddhi Magga*, part iii., chap. xxi. One who has practised the first two kinds of insight, in the order and manner indicated, is liable to these defilements while practicing the next stage—*e.g.*, he may feel pleasure at having an aura and think that this constitutes Path-experience, and so stay his progress by self-deceit.

ဒသ ဝိပဿနုပက္ကိလေသာ

သြဘာသော ပီတိ ပဿဒ္ဓိ၊
အဓိမောက္ခော စ ပဂ္ဂဟော၊
သုခံ ညာဏ-မုပဋ္ဌာန-၊
မုပေက္ခာ စ နိကန္တိ စေ-တိ။
သြဘာသာ-ဒိ ဝိပဿနု-ပက္ကိလေသ ပရိဗန္ဓ
ပရိဂ္ဂဟ ဝသေန မဂ္ဂါ-မဂ္ဂ လက္ခဏ ဝဝတ္ထာနံ
မဂ္ဂါ-မဂ္ဂ ညာဏဒဿန ဝိသုဒ္ဓိ နာမ။

ဝိပဿနာ ညစ်ညူးကြောင်းတရား ၁၀-ပါး

ဆက်လက်၍ တေဘူမက သင်္ခါရတရားတို့၌ပင် အကြောင်းနှင့် စပ်သဖြင့် လည်းကောင်း၊ ခဏနှင့် စပ်သဖြင့်လည်းကောင်း၊ အဖြစ်အပျက်ကို အဖန်တလဲလဲ (ဥဒယဗ္ဗယညာဏ်ဖြင့်) ရှုရပေသည်။

ဤသို့ရှုသော ယောဂိပုဂ္ဂိုလ်၏ သန္တာန်၌-

သြဘာသ ပီတိ ပဿဒ္ဓိ အဓိမောက္ခ ပဂ္ဂဟ
သုခ ညာဏ ဥပဋ္ဌာန ဥပေက္ခာ နိကန္တိ

ဤအလင်းရောင် စသော(၁၀)ပါးသည် ဝိပဿနာ ညစ်ညူးကြောင်းတရားမည်ပေ၏၊ မဂ်မဟုတ်၊ ဤကဲ့သို့ ဝိပဿနာ၏လမ်းမှန် လမ်းမမှန် လက္ခဏာကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သော ဉာဏ်သည် မဂ္ဂါမဂ္ဂ-ညာဏဒဿနဝိသုဒ္ဓိ မည်ပေ၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

၅၆။ တထာ ပရိဗန္ဓဝိမုတ္တသ ပန တဿ ဥဒယ ဗ္ဗယ ညာဏတော ပဋ္ဌာယ ယာဝါ-နုလောမာ တိလက္ခဏံ ဝိပဿနာ ပရံပရာယ ပဋိပဇ္ဇန္တသ နဝ ဝိပဿနာညာဏာနိ ပဋိပဒါ ညာဏဒဿန ဝိသုဒ္ဓိ နာမ။

၅၆။ ဆိုခဲ့ပြီးသော အခြင်းအရာအားဖြင့် ဘေးရန်တို့မှ လွတ်ပြီးသော ထိုယောဂိ၏သန္တာန်၌ ဥဒယဗ္ဗယညာဏ်မှစ၍ အနုလောမညာဏ်တိုင်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာယာဉ်သုံးပါးသို့တင်၍ ဥဒယဗ္ဗယညာဏ် စသော ဝိပဿနာညာဏ် အဆက်ဆက်အားဖြင့် လွန်စွာကြိုးကုတ် အားထုတ် ကျင့်ကြံသည်ရှိသော် ဝိပဿနာညာဏ် ကိုးပါးတို့သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်ပေ၏။

[8] In IV., the last nine.
[9] Paṭipajjati, lit., 'practises.'
[10] Vipassanāparamparāya, lit., 'by a succession of Insights.'
[1] Udayabbayañāṇato paṭṭhāya yāvānulomā.

When he, thus progressing, has come to full maturity of Insight [he can discern]: 'Now will the ecstasy of the Path arise.'[2]

[2] Idāni appanā uppajjissatīti. Here appanā stands for the Lokuttarā Appanā. On the significance of Appanā, see p. 129, and Introd. Essay, p. 56 *f.*; 68.

Thereupon, as the reflection by way of the mind-door suspends the life-continuum, two or three [flashes of] consciousness [revealing] insight concerning any one of the Three Marks occur, by name 'preparation,' 'approximation,' and 'qualification.'[3]

[3] Anuloma. See Part IV., § 7, and Introd. Essay, p. 55.

That 'knowledge of things as something concerning which to feel indifference' which, when its climax is reached, is coupled with the 'knowledge by which one qualifies oneself [for the Path]' is also described as 'Insight that leads to Emergence.'[4]

[4] Vuṭṭhāna, lit., 'standing up out of,' is usually applied as a religious term, to revival from jhāna-abstraction, implying a rest or fruition after toil. (*Cf.* its use in 'rising after childbirth,' Childers's Dict.) Here it stands for the Path, as a 'coming out of more' worldly views.—Ed.

၅-၂၄

၅၆ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ

ဝိပဿနုပက္ကိလေသတို့မှလွတ်ပြီးသောယောဂီသည် ဥဒယဗ္ဗယဉာဏ်မှစ၍ ဘနေလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉ ပါးကို အစဉ်အတိုင်းတဘန်ထူထောင်၍ လက္ခဏာယဉ် ၃ ပါးကို မှားမျှားအားထုတ်ပြန်ရာ ထိုဉာဏ် ၉ ပါးကိုပိုင်သော ယောဂီပုဂ္ဂိုလ်၏ဝိပဿနာဉာဏ် ၉ ပါးသည် သိတတ်မြင်တတ်သောကြောင့် ဉာဏဒဿနမည်၏။ ထိုဉာဏဒဿနမည်သော ဝိပဿနာဉာဏ် ၉ ပါးသည်ပင် နိဗ္ဗာန်သို့ ရောက်စေတတ်သောအကျင့် မြတ်ဖြစ်သောကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဉာဏဒဿနဝိသုဒ္ဓိ

၅၇။ တသော ဝ ပဋိပဇ္ဇန္တဿ ပန ဝိပဿနာ ပရိပါက-မာဂမ္မ ဣဒါနိ အပ္ပနာ ဥပ္ပဇ္ဇိဿတီတိ ဘဝင်ံ ဝေါစ္ဆိန္ဒိတ္ဝာ ဥပ္ပန္နမနောဒ္ဓါရုဝဇ္ဇနာ-နန္တရံ ဒ္ဝေ တီဏိ ဝိပဿနာ စိတ္တာနိ ယံကိဉ္စိ အနိစ္စာ-ဒိ လက္ခဏ-မာရဗ္ဘ ပရိကမ္မော-ပစာရာ-နုလောမ နာမေန ပဝတ္တန္တိ။

၅၇။ ဆက်ဦးအုံ—

ဆိုခဲ့သည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်သော ယောဂီ ပုဂ္ဂိုလ်၏ သန္တာန်၌ ဝိပဿနာ ရင့်ကျက်၍ လာပေ၏။ ယင်းသို့ ဝိပဿနာ ရင့်ကျက်လာမှုကို အစွဲပြု၍ ယခုအခါ၌ အပ္ပနာ သည် ဖြစ် ပေါ်လာပေတော့မည်။

ဤသို့ မဂ်ဆိုက်ဖိုလ်ဝင် နိဗ္ဗာန်မြင်တော့မည့် ခဏ၌ ဘဝင်အစဉ် ပြတ်ပြီး ဖြစ်ပေါ်လာသော မနောဒ္ဓါရုဝဇ္ဇန်းစိတ် အခြားမဲ့၌ ဝိပဿနာစိတ် ၂-ကြိမ် ၃-ကြိမ် တို့သည် အနိစ္စလက္ခဏာစသော လက္ခဏာ တပါးပါးကို အာရုံပြု၍ ပရိကမ်၊ ဥပစာ၊ အနုလုံဟူသော အမည်အားဖြင့် ဖြစ်ကုန်၏။

၅၈။ ယာ သိခါပတ္တာ၊ သာ သာ-နုလောမာ သခ်ါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။

၅၈။ အနုလောမဉာဏ်နှင့် အတူတကွဖြစ်သော အထွတ် အထိပ်သို့ရောက်သော သခ်ါရုပေက္ခာဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာဟူ၍ ဆိုအပ်၏။ (၀၊) အပါယ်စသည်မှ ထမြောက်တတ်သော မဂ်သို့ရောက်ကြောင်း ဝိပဿနာ မည်ပေ၏။

After this, the consciousness of the Initiate[5] leaning upon Nibbana occurs, over-mastering kinship with the worldly, and evolving kinship with the Ariya's.

[5] Gotrabhu, meaning 'who has become kin.' 'Ariya's,' as already said, refers to the Buddhas and their eight classes of elect followers, the kinship being the new higher ethical nature evolved.—Tr. and Ed.

Immediately after that consciousness, THE PATH, namely, [consciousness] discerning the fact of Ill, expelling the fact of its Cause, realizing the fact of its Cessation, cultivating the fact of the Way [to Cessation], descends into the avenue of ecstatic thought.[6]

[6] This is described as the process of thought-transition to the Path (Magga-vithi). See Introd. Essay, p. 68.

After that Path-consciousness, when two or three [flashes of] the consciousness of fruition have taken their course, there comes subsidence into the life-continuum;

and then, again, the life-continuum is interrupted and the knowledges concerned with 'review' occur.

§ 8. *Mnemonic.*

On Path and Fruit and on Nibbana blest
The wise doth meditate. As to the rest—
The 'torments' put away and other ills—
Now and again[1] reflection ('s cup he fills).

၅၉။ တတော ပရံ ဂေါတြဘုစိတ္တं နိဗ္ဗာန-မာ
လမ္မိတ္မာ ပုထုဇ္ဇနဂေါတ္တ-မဘိဘဝန္တံ အရိယ
ဂေါတ္တ-မဘိသမ္ဘောန္တဉ္စ ပဝတ္တတိ။

သောဠသ မဂ္ဂကိစ္စာနိ

၆၀။ တဿာ-နန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိ
ဇာနန္တော, သမုဒယသစ္စံ ပဇဟန္တော,နိရောဓ
သစ္စံ သစ္ဆိကရောန္တော, မဂ္ဂသစ္စံ ဘာဝေနာ
ဝသေန, အပ္ပနာဝီထိ-မောတရတိ။

၆၁။ တတော ပရံ ဒွေ တိဏိ ဖလစိတ္တာနိ ပဝတ္တိတ္တာ
ဘဝင်ပါတော-ဝ ဟောတိ။

ပစ္စဝေက္ခဏာဉာဏပ္ပဝတ္တိ

၆၂။ ပုန ဘဝင်ံ ဝေါစ္ဆိန္နိတ္တာ ပစ္စဝေက္ခဏ ဉာဏာနိ
ပဝတ္တန္တိ။

ပစ္စဝေက္ခဏဝိထိယော

၆၃။ မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊
ပစ္စဝေက္ခတိ ပဏ္ဍိတော၊
ဟိနေ ကိလေသေ သေသေ စ၊
ပစ္စဝေက္ခတိ ဝါ နဝါ။

၅၉။ ထိုအနုလုံစိတ်ချုပ်သည်မှ နောက်၌ ဂေါတြဘူမည်သော စိတ်သည် ဖြစ်ပေါ်လာ၏၊ ထိုစိတ်သည် နိဗ္ဗာန်ကို အာရုံပြု၏၊ ပုထုဇဉ်အနွယ်ကို လွှမ်းမိုး၏၊ အရိယာနွယ်သို့ ရောက်လျက် ဖြစ်ပေ၏။

(မဂ်ကိစ္စ ၁၆-ချက်)

၆၀။ ထိုဂေါတြဘူစိတ်ဖြစ်၍ ချုပ်သည်၏ အခြားမဲ့၌ပင်လျှင် မဂ်စိတ်ဖြစ်ပေါ်လာလေ၏။ ယင်းမဂ်စိတ်သည်—

ဒုက္ခသစ္စာကို သိ၏ သမုဒယသစ္စာကို ပယ်စွန့်၏
နိရောဓသစ္စာကို မျက်မှောက်ပြု၏ မဂ္ဂသစ္စာကို ဖြစ်ပွားစေ၏
ဤကိစ္စလေးချက် တပြိုင်နက် ဖြာ်လျက် မဂ်စိတ် ဖြစ်ပေါ်လာ
လေသည်။

၆၁။ မဂ်စိတ်တကြိမ် ဖြစ်ချုပ်ပြီးနောက် ဖိုလ်စိတ် ၂ကြိမ် သို့မဟုတ် ၃ ကြိမ်ဖြစ်ချုပ်ပြီး ဘဝင်ကျလေ၏။

(ပစ္စဝေက္ခဏာဉာဏ် ဖြစ်မှု)

၆၂။ မဂ္ဂဝိထိကျပြီး တသင့်သင့်ဖြစ်နေသော ဘဝင်စိတ်အစဉ်ကို ဖြတ်ပြီး ပစ္စဝေက္ခဏာဉာဏ် (ဆင်ခြင်သော ဉာဏ်)တို့သည် ဖြစ်ကုန်၏။

၆၃။ လောကုတ္တရာဉာဏ်ပညာရှင် သောတာပန်ပုဂ္ဂိုလ်သည် ပိမိရပြီး သောမဂ်ကိုလည်းဆင်ခြင်၏၊ဖိုလ်ကိုလည်းဆင်ခြင်၏၊နိဗ္ဗာန်ကိုလည်း ဆင်ခြင်ပေ၏၊ ပယ်ပြီးသော ကိလေသာ၊ မပယ်ရသေးသောကျန်ရှိ သော ကိလေသာတို့ကိုမူ အချို့သူက ဆင်ခြင်၏၊ အချို့သူက မဆင်ခြင်ပေ။

The fourfold Path, that thus by right degree
With sixfold Purity must practised be,
Is Purity of knowledge making us see.

So far for the section on Purity.

[1] Read, vā na vā.—Ed. Hīne is the contraction of pahīne: 'those that have been got rid of.'—Ceylon Cy. The Ariya now reviews (1) the Path he has just attained; (2) the Fruit of that Path he has just enjoyed; (3) the Nibbana he has intuited, though not quite realized, as an object of the consciousness called of the Path and of Fruit. The upakkilesa's he may, or may not review.

§ 9. *Of Emancipation.*

Here, the contemplation of No-Soul,[2] as letting go the firm belief in a soul,[3] is a channel of emancipation, called the 'contemplation of Emptiness.'

[2] The word 'attā' means 'self,' but whereas the Buddhists accepted and used the term 'self' as a convenient abstraction for the personal unity of a moment or a lifetime, they only rejected a permanent personal unity such as is implied, less ambiguously, in 'soul.'—Ed.

၆၄။ ဆဗ္ဗိသုဒ္ဓိ ကမေနေ·ဝံ၊
ဘာဝေတဗ္ဗော စတုဗ္ဗိဓော၊
ဉာဏဒဿနဝိသုဒ္ဓိ၊
နာမ မဂ္ဂေါ ပဝုစ္စတိ။
အယ·မေတ္ထ ဝိသုဒ္ဓိဘေဒေါ။

၆၄။ ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း ဝိသုဒ္ဓိခြောက်ပါး(သီလဝိသုဒ္ဓိမှ ပဋိပဒါ-ဉာဏဒဿနဝိသုဒ္ဓိ အထိ)အစဉ်အားဖြင့် ဖြစ်စေအပ်သော လေးပါး အပြားရှိသောမဂ်ကို (မဂ် ၄-ပါးကို) ဉာဏဒဿနဝိသုဒ္ဓိ (ဉာဏ်အမြင် အထူးစင်ကြယ်မှု) ဟူ၍ ဆိုအပ်ပေ၏။

ဤသည်ကား ဝိပဿနာကမ္မဋ္ဌာန်းခန်း၌ ဝိသုဒ္ဓိအပြားပေတည်း။

ဉာဏဒဿနဝိသုဒ္ဓိ

ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဆိုသည်မှာ ဝိပဿနာ၏ အတွင်းအထိပ်သို့ရောက်သော အနုလောမဉာဏ်နှင့် တကွ သင်္ခါရပေကွဉာဏ်ကို အပါယ်စသည်မှလည်း၊ သင်္ခါရနိမိတ်မှလည်း၊ ထွက်မြောက်၍ မဂ်သို့ရောက်ကြောင်း ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာဟုခေါ်၏။ သင်္ခါရပေကွာဉာဏ်၊ အနုလောမဉာဏ်ဟုဆိုအပ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် ထက်သန်လာသောအခါ သစ္စာကရဏကိစ္စပြီးနိဗ္ဗာန်ကို ကိုယ်တိုင်ပေါက်ရောက်၍ မဂ်ဉာဏ်ဖြစ်ပေါ်လာသည်။ ထိုမဂ်ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။

ဝိသုဒ္ဓိ ၇ ပါး၏
(မဂ္ဂဝိဘင်္ဂဝိဘာဝနီ၊ ၆ မြောက်ဖိုး)

ဝိမောက္ခဘေဒေါ

၆၅။ တတ္ထ အနတ္တာ·နုပဿနာ· အတ္တာဘိနိဝေသံ
မုဉ္စန္တီ သုညတာ·နုပဿနာ နာမ ဝိမောက္ခမုခံ
ဟောတိ။

ဝိမောက္ခမုခ
မဂ်,ဖိုလ်သို့ဝင်ရောက်ခါးမုခ်ဦး

၆၅။ ဤဝိပဿနာရှုခန်း၌ မဂ်ဖိုလ်သို့ဝင်ရာ ကံခါးမုခ်ဦး(ဝိမောက္ခမုခ)သုံးမျိုးကို ဖော်ပြဦးအံ့၊ ဘုံသုံးပါး၌ဖြစ်သော ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၌ (၀၊) ကိုယ်ခန္ဓာ၌ အနတ္တဟု အဖန်တလဲလဲ ဝိပဿနာရှုခြင်းသည် ကိုယ်ခန္ဓာ၌ အတ္တဟူ၍ စွဲလမ်းခြင်းကို စွန့်လွှတ်နိုင်သည်ဖြစ်သောကြောင့် အတ္တမှကင်းဆိတ်မှု သုညတသဘောကို အဖန်ဖန်ရှုသော သုညတာနုပဿနာမည်ပေ၏၊ ယင်းသုညတာနုပဿနာသည် မဂ်ဖိုလ်သို့ဝင်ရာမုခ်ဦး (ဝိမောက္ခမုခ) တမျိုးဖြစ်ပေသည်။

[3] Attābhinivesaṇ-abhinivoso=daḷhagāho, lit., 'strong hold.'—Ceylon Cy.

Again, the contemplation of Impermanence, as letting go the sign of hallucination[4] [is a channel of emancipation], called the 'contemplation of the Signless,'

၆၆။ အနိစ္စာ·နုပဿနာ ဝိပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာ·နုပဿနာ နာမ။

၆၆။ သင်္ခါရတရားတို့၌အတည်မမြဲမှုကိုအဖန်တလဲလဲဝိပဿနာရှုခြင်းသည် ဝိပလ္လာသနိမိတ် (ဖောက်ပြန်လှည့်စားသောပုံရိပ်) ကို စွန့်လွှတ်နိုင်သည်ဖြစ်သောကြောင့် ဝိပလ္လာသနိမိတ်ပုံရိပ်မရှိပုံကို အဖန်တလဲလဲရှုသော အနိမိတ္တာနုပဿနာ မည်၏၊ ယင်းအနိမိတ္တာနုပဿနာသည်လည်း ဝိမောက္ခမုခ တမျိုးဖြစ်ပေသည်။

and the contemplation of Ill, as letting go that 'hankering-after' which is craving, [is a channel of emancipation] called the 'contemplation of the "Not-Hankered-after."'

၆၇။ ဒုက္ခာ·နုပဿနာ တဏှာပဏိဓိं မုဉ္စန္တီ အပ္ပဏိဟိတာ·နုပဿနာ နာမ။

၆၇။ သင်္ခါရတရားတို့ကို ဆင်းရဲဟု အဖန်ဖန်ဝိပဿနာရှုခြင်းသည် တောင့်တတတ်သောတဏှာကို ပယ်စွန့်နိုင်သည်ဖြစ်သောကြောင့် တဏှာတည်းဟူသော ပဏိဓိမရှိပုံကို အဖန်ဖန်ရှုသော အပ္ပဏိဟိတဝိပဿနာမည်၏၊ ယင်း အပ္ပဏိဟိတဝိပဿနာသည်လည်း ဝိမောက္ခမုခ တမျိုးဖြစ်ပေ၏။

'Vipallāsa. There are three kinds of vipallāsa—namely, saññā-vipallāsa (erroneous perception), citta-vipallāsa (erroneous ideas), and diṭṭhi-vipallāsa (erroneous views), by which people regard impermanent things as permanent (aniccе niccan ti). And these three vipallāsas are called nimitta, 'sign.' Hallucination is itself the 'sign.'

စာပိုဒ် ၆၅ . ၆၇

ဝိမောက္ခမုခ ၃ ပါး

၁။ ခန္ဓာငါးပါးတို့၌ အတ္တမှုဆိတ်သည်ကို အဘန်တလဲလဲရှုခြင်းပညာသည် သုညတာနုပဿနာမည်၏။
၂။ ခန္ဓာငါးပါးတို့၌နိစ္စနိမိတ်မရှိခြင်းကို အဘန်တလဲလဲရှုခြင်းပညာသည် အနိမိတ္တာနုပဿနာမည်၏။
၃။ ခန္ဓာငါးပါးတို့၌ တဏှာတည်းဟူသော တောင့်တခြင်းကင်းသည်ကို အဘန်တလဲလဲရှုဆင်ခြင်ခြင်း ပညာသည် အပ္ပဏိဟိတာနုပဿနာမည်၏။

Hence the Path receives three names according to the course taken by 'Insight leading to Emergence':—namely, when that Insight discerns [things] as without soul, the Path is called 'Empty-release';[1]

၆၈။ တသ္မာ ယဒိ ဝုट္ဌာနဂါမိနီ ဝိပဿနာ အနတ္တတော ဝိပဿတိ၊ သုညတော ဝိမောက္ခော နာမ ဟောတိ မဂ္ဂေါ။

၆၈။ သို့ဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ (အတ္တတ်အထိပ်ရောက်သော သင်္ခါရပေက္ခာဉာဏ်နှင့် အနုလောမဉာဏ်သည်) ရွယ်နာမ်ကို အနတ္တအားဖြင့် ရှုလာခဲ့အံ့၊ ဤသို့ အနတ္တကို အဓိကထားပြီး ရှုရှုရလာသော မဂ်သည် သုညတဝိမောက္ခမဂ် မည်၏။

when it discerns [things] as impermanent, the Path is called 'Signless-release';

၆၉။ ယဒိ အနိစ္စတော ဝိပဿတိ၊ အနိမိတ္တော ဝိမောက္ခော နာမ။

၆၉။ အနိစ္စအားဖြင့် အကယ်၍ ရှုခဲ့ကြားအံ့၊ ယင်းသို့အနိစ္စအားဖြင့် ရှုရှိရရှိသောမဂ်သည် အနိမိတ္တဝိမောက္ခမဂ် မည်၏။

[1] *I.e.*, release [through discernment of] emptiness [as to soul]. It is difficult to get renderings less uncouth but equally faithful, of these terms, so full of homo-truth to a Buddhist. We need a John Bunyan here, or at least the aid of glosses, *e.g.* 'Void-of-soul Release,' 'No-lasting-sign Release, 'End-of-Baneful-Longing Release.'—Ed.

when it discerns things as evil, the Path is called 'Not-hankered-after-release.'

The Fruit likewise receives these three names according to those three ways of coming into the Path along the avenues of the Path.

၇၀။ ယဒိ ဒုက္ခတော ဝိပဿတိ၊ အပ္ပဏိဟိတော ဝိမောက္ခော နာမ၊ ဣတိ စ မဂ္ဂေါ ဝိပဿနာ ဂမနဝသေန တိဏိ နာမာနိ လဘတိ၊ တထာ ဖလဉ္စ မဂ္ဂါဂမန ဝသေန မဂ္ဂဝိထိယံ။

စာမိုရ် ၆၈ - ၇၀

ဝိမောက္ခ ဥပါး

၁။ ခန္ဓာငါးပါးသင်္ခါရတရားတို့၌ ဆက်ဆံမှုဆိတ်သည်ဖြစ်၍ သံယောဇဉ်စသည်တို့မှလွတ်သော မဂ်သည် သုညတဝိမောက္ခမည်၏။

၂။ နိစ္စနိမိတ်စသည်မရှိသည်ဖြစ်၍ သံယောဇဉ်စသည်မှလွတ်သောမဂ်သည် အနိမိတ္တဝိမောက္ခမည်၏။

၃။ တဏှာတည်းဟူသောဝေတာင့်ထခြင်းကင်းသည်ဖြစ်၍ သံယောဇဉ်စသည်တို့မှလွတ်သော မဂ်သည် အပ္ပဏိဟိတဝိမောက္ခမည်၏။

However, in the process of attaining full fruition, it is only the means — namely, insight by which respective 'fruits' arise to those exercising insight after the manner above described—that gives the names, 'Empty-release,' etc.

Nevertheless, the fact of the [common] object,[2] and of common essential properties, causes this triad of names to be applied equally to all everywhere.[3]

So far for the section on emancipation.

[2] Nibbana.

[3] Sabbattha sabbesaṃ—*i.e.*, to all the eight classes of Ariya's attaining the Path or enjoying the Fruit thereof, in every process of Path-thought, or Fruit-consciousness.

၇၁။ ဖလ သမာပတ္တိ ဝိထိယံ ပန ယထာဝုတ္တ နယေန ဝိပဿနာ ဂမနဝသေန ယထာသကံ ဖလ-မုပ္ပဇ္ဇမာနမ္ပိ ဝိပဿနာ-ဂမန ဝသေနေဝ သုညတာဒိ ဝိမောက္ခေါတိ စ ပဝုစ္စတိ။

၇၂။ အာရမ္မဏ ဝသေန ပန သရသ ဝသေန စ နာမတ္တယံ သဗ္ဗတ္ထ သဗ္ဗေသမ္ပိ သမ-မေဝ စာ-တိ။

အယ-မေတ္ထ ဝိမောက္ခ ဘေဒေါ။

၇၀။ အကယ်၍ ဒုက္ခအားဖြင့် ရှုခဲ့သည်ရှိသော် ရဂ်ရှိလာသောမဂ်သည် အပ္ပဏိဟိတဝိမောက္ခမဂ် မည်၏။

ဤသို့လျှင် မဂ်စိတ် (မဂ်ဉာဏ်) သည် မဂ်ကို ဖြစ်ပေါ်ထာစေရန် အကြောင်းဖြစ်သော ဝိပဿနာ ရှုပုံရှုနည်းအလိုက် အမည်သုံးမျိုး ရပေသည်။

ထို အတူဖိုလ်စိတ်သည်လည်း မဂ္ဂဝိထိ၌ ဖိုလ်ဖြစ်ပေါ်ရန်အကြောင်း ဖြစ်သော မဂ်နှင့်စပ်လျှဉ်း၍ အမည်သုံးမျိုးပင်ရ၏။ (သုညတဝိမောက္ခဖိုလ်၊ အနိမိတ္တဝိမောက္ခဖိုလ်၊ အပ္ပဏိဟိတဝိမောက္ခဖိုလ်-ဟူလို)။

၇၁။ ထိုမှတပါး ဖလသမာပတ္တိဝိထိ ၌ ယခင်ဆိုခဲ့သော နည်းဖြင့် ဝိပဿနာရှုကုန်သောအရိယာတို့၏သန္တာန်၌ မိမိကိုယ်ပိုင် ဖိုလ်စိတ်များ ဖြစ်ပေ၏။ (သောတာပန်ဟုဂ္ဂုလ်ဖြစ်လျှင် သောတာပတ္တိဖိုလ်ဖြစ်၏-စသည်)

ယင်းသို့ဖြစ်သော်လည်း ဖိုလ်စိတ်ဖြစ်ပေါ်လာစေရန် ရှေ့သောဝိပဿနာအလိုက် (အနတ္တ၊ အနိစ္စ၊ ဒုက္ခရှုမှုအလိုက်) သုညတဝိမောက္ခ ဖိုလ်စသည်ဖြင့် ဆိုအပ်ပေ၏။

၇၂။ နိဗ္ဗာန်အာရုံနှင့် စပ်လျှဉ်း၍လည်းကောင်း၊ မိမိ၏ သဘောနှင့် စပ်လျှဉ်း၍လည်းကောင်း သုညတဝိမောက္ခ စသောအမည် သုံးမျိုးလုံးသည် မဂ္ဂဝိထိများ၌ဖြစ်စေ ဖလဝိထိများ၌ဖြစ်စေ အရိယာပုဂ္ဂိုလ်အားလုံးတို့၏ သန္တာန်၌ တူညီသည်သာ ဖြစ်ပေ၏။

ဤကား ဝိပဿနာကမ္မဋ္ဌာန်းခန်း၌ ဝိမောက္ခအပြား

§ 10. *Of the Individual.*

Now here, he who has cultivated the Path of Stream-Attainment, and by putting away erroneous views and doubt, goes with all rebirth-to-misery banished, is called Stream-winner to the limit of seven times.[4]

[4] Paramo, 'at most'—*i.e.*, limited to seven more rebirths, at the very outside, in the happier forms of Kāmaloka existence.

And he who has cultivated the Path of Once-Returning, from the attenuation [to which he has brought] lust, hate, and nescience[1] is called Once-Returner, once more only to come back to this world.[2]

[1] Dulness is not sufficiently strong to express the degree of Moha attenuated by the Once-Returner. *Cf. Dh. S.*, §§ 362-64.

[2] Imaŋ lokaŋ is, according to commentators, applicable to all the seven happier realms of Kāmaloka.

ပုဂ္ဂလဘေဒ

၇၃ သောတာပတ္တိမဂ်သည် ဘပါယ်လားကြောင်းဖြစ်သော ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄ ခုနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ ခု ပေါင်း ၅ ခုကိုအကြွင်းမရှိပယ်၏။ သောတာပန်ပုဂ္ဂိုလ်သည်-

၁။ သတ္တက္ခတ္တုပရမသောတာပန် = ခုနစ်ဘဝ၏အဆုံး၌ နိဗ္ဗာန်ရှိစံဝင်သောပုဂ္ဂိုလ်။

၂။ ကောလကောလသောတာပန် = နှစ်ဘဝမှ ခြောက်ဘဝတိုင်အောင် ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်။

၃။ ကောဠံဠသောတာပန် = တဘဝသာလျှင် ပဋိသန္ဓေတည်နေ၍ ပရိနိဗ္ဗာန်စံဝင်သော ပုဂ္ဂိုလ်။

ပုဂ္ဂလဘေဒ

၇၃ တတ္ထ ပန သောတာပတ္တိ မဂ္ဂံ ဘာဝေတ္မာ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ပဟာနေန ပဟီနာ-ပါယဂမနော သတ္တက္ခတ္တုပရမော သောတာပနော နာမ ဟောတိ။

၇၄ သကဒါဂါမိ မဂ္ဂံ ဘာဝေတ္မာ ရာဂ, ဒေါသ, မောဟာနံ တနုကရတ္တာ သကဒါဂါမီ နာမ ဟောတိ သကိ-ဒေဝ ဣမံ လောကံ အာဂန္တွာ။

ပုဂ္ဂလ

၇၃ ဆက်၍ဆိုဦးအုံ- ဤမက်လေးပါးတို့တွင် သောတာပတ္တိမက်ကို ဖြစ်စေသည်ရှိသော် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်လေ၏။ ကြွင်းသောအကုသိုလ်တရား များ၏ အပါယ်သို့ ကျရောက်စေတတ်သော အစွမ်းသတ္တိကိုလည်း ပယ်၏၊ ကာမဘုံ၌ ခုနှစ်ကြိမ်ထက်ပို၍ ပဋိသန္ဓေ မနေသော သော- တာပန် အရိယာ (သတ္တက္ခတ္တုပရမသောတာပန်) ဖြစ်လေ၏။

၇၄ သကဒါဂါမိမက်ကို ဖြစ်စေသည်ရှိသော် ရာဂ ဒေါသ မောဟတရား တို့ကို နည်းပါးအောင် ပြုလေ၏။ ကာမဘုံ၌ တကြိမ်ထက်ပို၍ ပဋိသန္ဓေမနေသော သကဒါဂါမ် အရိယာဖြစ်လေ၏။

၇၅ သကဒါဂါမိမဂ်သည် ကြမ်းတမ်းသော ရာဂဒေါသ မောဟတို့ကို တနုကရအားဖြင့် ခေါင်းပါးအောင် ပယ်ဘည်။ ထိုသကဒါဂါမ်ပုဂ္ဂိုလ်သည်-

၁။ ဣဓဝတ္မာ ဣဓဝပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ပင် ပရိနိဗ္ဗာန် ပြုသော သကဒါဂါမ်။

၂။ ဣဓဝတ္မာ တတ္ထပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ ပရိနိဗ္ဗာန် ပြုသော သကဒါဂါမ်။

၃။ တတ္ထဝတ္မာ တတ္ထပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ဘုံ၌ပင် ပရိနိဗ္ဗာန် ပြုသော သကဒါဂါမ်။

၄။ တတ္ထဝတ္မာ ဣဓဝပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်၍ ဤလူ့ဘုံ၌ ပရိနိဗ္ဗာန် ပြုသော သကဒါဂါမ်။

၅။ ဣဓဝတ္မာ တတ္ထနိဗ္ဗတ္တိတ္မာ ဣဓဝပရိနိဗ္ဗာယီ = ဤလူ့ဘုံ၌ သကဒါဂါမ်ဖြစ်၍ ထိုနတ်ပြည်၌ဖြစ်ပြီး ဤလူ့ဘုံ၌ ပရိနိဗ္ဗာန်ပြုသောသကဒါဂါမ်။

၆။ တတ္ထဝတ္မာ ဣဓနိဗ္ဗတ္တိတ္မာ တတ္ထပရိနိဗ္ဗာယီ = ထိုနတ်ဘုံ၌ သကဒါဂါမ်ဖြစ်ပြီး ဤလူ့ဘုံ၌ပဋိသန္ဓေနေ၍ ဤလူ့ပြည်မှတဘန် ထိုနတ်ပြည်သို့ပြန်၍ ပရိနိဗ္ဗာန်ပြုသောသကဒါဂါမ်။

And he who has cultivated the path of Never-Returning, by putting away utterly the lust of sense and ill-will, is called Never-Returner, coming no more back to things as we know them[3] (in Kāmaloka).

[3] Itthattaṃ is exactly the 'this thusness' of Artemus Ward, and it is regrettable that so good a word should as yet be outside the pale of serious English.—Ed.

[ ] အနာဂါမိ မဂ်သည် သိမ်မွေ့.သော ကာမရာဂနှင့် ဗျာပါဒကို အကြွင်းမရှိ ပယ်သည်။ အနာဂါမ် ပုဂ္ဂိုလ်သည်-

၁။ အန္တရာပရိနိဗ္ဗာယီအနာဂါမ် = သုဒ္ဓါဝါသ ၅ ဘုံတွင် မိမိရောက်ရာဘုံ၏ အသက်အပိုင်းအခြား ဒွေထက်ဝက်အတွင်းရဟန္တာဖြစ်သောအနာဂါမ်။

၂။ ဥပဟစ္စပရိနိဗ္ဗာယီအနာဂါမ် = သုဒ္ဓါဝါသ ၅ ဘုံတွင် မိမိရောက်ရာဘုံ၏ အသက်ထက်ဝက်ကို လွန်ပြီးမှ ရဟန္တာဖြစ်သောအနာဂါမ်။

၃။ အသင်္ခါရပရိနိဗ္ဗာယီ = ဆင်းဆင်းရဲရဲ အလွန်လုလ္လမ်ပြွတ် ကိလေသ ပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသောအနာဂါမ်။

၄။ သသင်္ခါရပရိနိဗ္ဗာယီ = ဆင်းဆင်းရဲရဲပြိုကြွေပင်ပန်းစွာ ထလွန်လုလ္လပြုပြီးမှကိလေသပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုသောအနာဂါမ်။

၅။ ဥဒ္ဓံသောတအကနိဋ္ဌဂါမိ = သုဒ္ဓါဝါသ ၅ ဘုံတို့တွင် ထောက်ထောက်သောဘုံတို့၌ ထရဟတ္တမဂ်ကို မရမီ ထထက်ဆုံးပြစ်သောအကနိဋ္ဌဘုံသို့ ရောက်မှ ရဟန္တာပြမ်သော အနာဂါမ်။

ဥဒ္ဓံသောတ ထကနိဋ္ဌဂါမိအနာဂါမ်ကို ဤသို့ခွဲသေး၏။

(က) ထဝိဟာဘုံမှစ၍ ထစဉ်ထတိုင်း ထကနိဋ္ဌဘုံတိုင်အောင်သွား၍ ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတ ထကနိဋ္ဌဂါမိအနာဂါမ်။

(ခ) ထဝိဟာဘုံမှစ၍ အစဉ်အတိုင်း သုဒဿီဘုံတိုင်အောင်သွား၍ ပရိနိဗ္ဗာန်ပြုသော ဥဒ္ဓံသောတ နအကနိဋ္ဌဂါမိအနာဂါမ်။

(ဂ) ဤကာမဘုံမှ ထကနိဋ္ဌဘုံသို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော နဥဒ္ဓံသောတ အကနိဋ္ဌဂါမိအနာဂါမ်။

(ဃ) ဤကာမဘုံမှ သုဒ္ဓါဝါသအောက် ၄ ဘုံသို့သွား၍ဖြစ်ရာဘုံ၌ပင် ပရိနိဗ္ဗာန်ပြုသောနှ ဥဒ္ဓံသောတ နအကနိဋ္ဌဂါမိ အနာဂါမ်။

And he who has cultivated the path of Supreme Worth, by putting away utterly the 'Torments,'[4] is called Arahant, he who with āsavas extinct is in all the world WORTHY of its offerings.

So far for the section on the Individual.

[4] Part VII., § 2, I. (i.).

[ ] အရဟတ္တမဂ်သည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၄ ခုနှင့် ဥဒ္ဓစ္စသဟဂတ် ၁ ခုပေါင်း ၅ ခုကို အကြွင်းမဲ့ပယ်၏။ ရဟန္တာ ပုဂ္ဂိုလ်သည်-

[ ]

(၁) ပညာဝိမုတ္တရဟန္တာ

(၂) ဥဘတောဘာဂဝိမုတ္တ ရဟန္တာ

(၃) တေဝိဇ္ဇ ရဟန္တာ

(၄) ဆဠာဘိညရဟန္တာ

(၅) ပဋိသမ္ဘိဒါပတ္တရဟန္တာအားဖြင့် ၅ မျိုးပြစ်၏။

ရဟန္တာပုဂ္ဂိုလ်အား အာသဝေါတရား ၄ ပါးတို့သည် ကင်းကုန်သောကြောင့် ခီဏာသဝ မည်၏ဟူ၍ ၎င်း။ အပြတ်ဆုံးသောအလွန်ကိုခံတော်မူထိုက်သောကြောင့် အဂ္ဂဒက္ခိဏေယျဟူ၍ ၎င်းသင်္ကေတ်ကျမ်းတွင်ပြဆို၏။

§ 11. *Of the Great Attainments.*

Of these, the process of the full attainment of fruition is common to all [in the Paths] according to the fruition which each man wins.

But the full attainment of Cessation[5] is only won by Never-Returners and Arahants.

In this [process] such an one successively induces the sublime[6] attainment of the first jhāna, etc.,[7] and on waking from each jhāna he contemplates [by way of the Triple Mark] the conditioned phenomena implicated therein.[8] And [by this alternative procedure] he goes as far as [the jhāna of] the Sphere of Pure Nothingness. And after the preliminary function of resolving what should be resolved, etc.,[1] he attains to the jhāna of the Sphere of Neither Consciousness nor Unconsciousness.

သမာပတ္တိဘေဒေါ

၇၇။ ဖလ သမာပတ္တိ ဝိထိယော ပနေ·တ္ထ သဗ္ဗေသမ္မိ ယထာသက ဖလဝသေန သာဓာရဏာဝ။

၇၈။ နိရောဓ သမာပတ္တိ သမာပဇ္ဇနံ ပန အနာဂါမိနဉ္ဇေဝ အရဟန္တာနဉ္စ လဗ္ဘတိ။

၇၉။ တတ္ထ ယထာက္ကမံ ပဌမဇ္ဈာနာ·ဒိ မဟဂ္ဂတ သမာပတ္တိံ သမာပဇ္ဇိတ္ဝာ ဝုဋ္ဌာယ တတ္ထ ဂတေ သခ်ါရ ဓမ္မေ တတ္ထ တတ္ထေဝ ဝိပဿန္တော ယာဝ အာကိဉ္စညာယတနံ ဂန္တ္ဝာ တတော ပရံ အဓိဋ္ဌေယျာဒိကံ ပုဗ္ဗကိစ္စံ ကတ္ဝာ နေဝသညာ နာသညာယတနံ သမာပဇ္ဇတိ။

သမာပတ်များ

၇၇။ ဤအရိယာပုဂ္ဂိုလ်ခန်းတွင် ဖိုလ်ဝင်စားသော ဝိထိ၌ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဟူသော ဖိုလ်ပုဂ္ဂိုလ် လေးဦးတို့သည် မိမိတို့ရထားသော ဖိုလ်နှင့်သာ ဆက်ဆံကုန်၏။

၇၈။ နိရောဓသမာပတ်ဝင်စားခြင်းကိုမူ (စျာန်သမာပတ်ကိုးပါးလုံးရှိသော) အနာဂါမ်၊ ရဟန္တာတို့၏ သန္တာန်၌သာ ရအပ်၏။

နိရောဓသမာပတ်ဝင်စားပုံ

၇၉။ နိရောဓသမာပတ် ဝင်စားရာ၌(ဝင်စားပုံကား) ပထမစျာန် စသော မဟဂ္ဂတ်စျာန်ကိုးပါးကို အစဉ်အတိုင်း ဝင်စား၍ ထိုဝင်စားသောစျာန်မှ ထပြီးလျှင် ထိုသမာပတ်၌ ဖြစ်သောသင်္ခါရတရားတို့ကို သက်ဆိုင်ရာ သမာပတ်မှထပြီးရာခဏ၌ပင် ဝိပဿနာ ရှုရသည်။ယင်းသို့ ဝိပဿနာရှုပြီး ပထမစျာန်မှအာကိဉ္စညာယပနစျာန်ထိအောင်စိတ်အစဉ်ဖြင့်သွားရသည်၊ အာကိဉ္စညာယတနစျာန်မှထပြီး နောက်အဓိဋ္ဌာန်ခြင်း စသော ပုဗ္ဗကိစ္စ လေးပါးကို ပြုရသည်။ ပုဗ္ဗကိစ္စ လေးပါးပြုပြီးနောက်၊ နေဝသညာနာသညာယတနစျာန်ကို ဝင်စားရသည်။

[5] Nirodha—*i.e.*, of consciousness in trance.

[6] Mahaggata. See p. 101, *n.* 4.

[7] Yathakkamaṃ paṭhama-jhānādi mahaggatasamāpattiṃ samāpajjitvā. By 'ādi,' 'etc.,' it is intended to include the first eight jhāna-samāpatti's.

[8] Tattha-gate saṅkhāradhamme tattha tatth'eva vipassanto. The conditioned phenomena implicated in each jhāna, from which the meditator has just awakened, are now contemplated under the aspects of the Triple Mark. The word vipassati is invariably associated with the Triple Mark.

[1] Adhiṭṭheyyādikaṃ. The four preliminary functions according to the Commentary are: (1) Resolving that such of his necessaries of life as are not connected with his own body, be not injured or destroyed by fire, etc.; (2) reflecting on the probable requirements of his service by the Sangha and resolving that he should wake up in time; (3) reflecting on the probable summons by the Buddha and resolving that he should wake up in time; and (4) looking forward to the time when he would die, with a view to ascertain whether he would live or die within the next seven days, the usual period of the 'Cessation of Consciousness' with human beings. It will be borne in mind that this preliminary is performed during the interval between the two highest jhānas, when the person is in his normal senses and not rapt in reverie.

In him after two apperceptive flashes of ecstasy [of this j h ā n a] the continuum of thought is suspended. Hence he is called ' Winner of Cessation.'

At the time of reviving, if he be a Never-Returner, consciousness of the Never-Returning ' fruit ' occurs to him but once. Or if he be an Arahant, consciousness of the Supreme Worth occurs to him but for a single moment. Then follows lapse into life-continuum. Thereafter comes the review [of the respective ' fruit '].

So far for the section on the great attainments.

Here end also the stations of exercise in insight.

On this wise must he cultivate who would attain
The supreme Dual Discipline, if he be fain
To enjoy the Doctrine's essence, and its mastery gain.

Thus ends the Ninth Part in the Compendium of Philosophy, entitled The Chapter on the Compendium of the Stations of Religious Exercises.

၈၀။ တဿ ဒ္ဝိန္နံ အပ္ပနာ ဇဝနာနံ ပရတော ဝေါစ္ဆိဇ္ဇတိ စိတ္တသန္တတိ၊ တတော နိရောဓ သမာပန္နော နာမ ဟောတိ။

၈၁။ ဥဋ္ဌာနကာလေ ပန အနာဂါမိနော အနာဂါမိ ဖလစိတ္တं၊ အရဟတော အရဟတ္တ ဖလစိတ္တံ ကေဝါရမေဝ ပဝတ္တိတ္ဝာ ဘဝင် ပါတော ဟောတိ၊ တတော ပရံ ပစ္စဝေက္ခဏ ဉာဏံ ပဝတ္တတိ·တိ။

အယ·မေတ္ထ သမာပတ္တိ ဘေဒေါ။

နိဋ္ဌိတော စ ဝိပဿနာ ကမ္မဋ္ဌာန နယော။

ဥယျောဇနံ

၈၂။ ဘာဝေတဗ္ဗံ ပနိ·စ္ဆေဝံ၊
ဘာဝနာ ဒ္ဝယ·မုတ္တမံ၊
ပဋိပတ္တိ ရသ·ဿာဒံ၊
ပတ္ထယန္တေန သာသနေ။

ကမ္မဋ္ဌာနသင်္ဂဟဝိဘာဂနိဂမနံ

ဣတိ အဘိဓမ္မတ္ထ သင်္ဂေ ကမ္မဋ္ဌာန သင်္ဂဟ ဝိဘာဂေါ နာမ နဝမော ပရိစ္ဆေဒေါ။

၈၀။ ယင်းစျာန်ဇော နှစ်ကြိမ်၏ နောက်၌စိတ်အစဉ်ပြတ်လေ၏။ ဤသို့စိတ်အစဉ်ပြတ်သွားသောကြောင့် ချုပ်ငြိမ်းခြင်းနိုရောဓသို့ ရောက်သည်(၀ါ) နိုရောဓသမာပတ် ဝင်စားသည်မည်ပေ၏။

နိုရောဓသမာပတ်မှတပုံ

၈၁။ နိုရောဓသမာပတ်မှထရာ၌ အနာဂါမ်ဖြစ်လျှင်၊ယင်း၏သန္တာန်၌ အနာဂါမိဖိုလ်စိတ်တကြိမ်ဖြစ်လာပြီးဘဝင်စိတ်ဆက်ဖြစ်၏။ရဟန္တာဖြစ်လျှင် အရဟတ္တဖိုလ်စိတ်တကြိမ် ဖြစ်လာပြီးဘဝင်စိတ်ဆက်ဖြစ်၏၊ ထိုဘဝင်စိတ် ချုပ်ပြီးနောက်၌ မိမိသမာပတ်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်လေသည်။

ဤဆိုခဲ့ပြီးသည်ကား သမာပတ်အပြားတည်း။

ဤအထိကား ကမ္မဋ္ဌာန်းပိုင်း၌ ဝိပဿနာကမ္မဋ္ဌာန်းနည်းအပြီးတည်း။

ဥယျောဇဉ်

၈၂။ ဗုဒ္ဓသာသနာထော၌(သာ ရနိုင်သော) ပဋိပတ်(ဗျာနမ်ဖိုလ်) ၏ အရသာ၊ ချမ်းသာကို လိုလားတောင့်တသူသည် အထက်တွင် ဆိုအပ်ခဲ့သော အစီအစဉ်ဖြင့် မွန်မြတ်လှသော သမထဘာဝနာ ဝိပဿနာဘာဝနာ နှစ်ပါးကို ပွားများအားထုတ် သင့်လှပေသတည်း။

(ကမ္မဋ္ဌာန်းဗိုင်း နိဂုံး)

အဘိဓမ္မတ္ထသင်္ဂဟ၌ ကိုးခုမြောက်ဖြစ်သော ကမ္မဋ္ဌာန်းပိုင်းသည် ဤတွင် ပြီးပြည့်စုံပေပြီ။

Conclusion

As invited by Nampa, a person of refined manners, belonging to a respectable family, full of faith and replete with sterling virtues, to compose a treatise out of compassion for others, this book has been completed.

Aspiration

By this great merit may the modest monks who are purified by wisdom and who shine in discipline, remember till the end of the world the most famous Tumfilasoma monastery, the abode of grain, for the acquisition of merit and for their happiness.

Thus ends the treatise called the Abhidhammattha Saṅgaha composed by the great teacher, Anuruddha.

နိဂုံး

(က) စာရိတ္တသောဘိတဝိသာလ-
ကုလောဒယေန၊
သဒ္ဓါဘိဂုဏပရိသုဒ္ဓဂုဏောဒယေန။
နမ္ပဥ္ဇယေန ပဏိဓာယ ပရာနုကမ္ပံ၊
ယံ ပတ္ထိတံ ပကရဏံ ပရိနိဋ္ဌိတံ တံ။

အာသီသ

(ခ) ပုညေန တေန ဝိပုလေန တု မူလသောမံ၊
ဝိညာဝိဝါသမုဒိတောဒိတ မာယုကန္ဓံ ။
ပညာဝဒါတဂုဏသောဘိတ လဒ္ဓိဘိက္ခူ၊
မညန္ဓ၊ ပုညဝိဘဝေါဒယမဂ်လာယ။

ဣတိ အနုရုဒ္ဓါစရိယေန ရစိတံ
အဘိဓမ္မတ္ထသင်္ဂဟံ နာမ ပကရဏံ။

သင်္ဂြိဟ်ပါဠ် ပြီး၏။

ကျမ်းပြီးနိဂုံးဝကား

အကျင့်အားပြင့်တင့်တယ်၍ စည်းစိမ်ဥစ္စာကြွယ်ဝသော မျိုးရိုးကောင်း၌ ဖြစ်သည့်အပြင် သဒ္ဓါစသော သူတော်ကောင်းဥစ္စာ ခုနှစ်ပါးနှင့်လည်း ပြည့်စုံသော 'နမ္ပ'အမည်ရှိသော ဒါယကာသည် အများအတွက် အကျိုးရှိစေရန်ရှေးရှု၍ တောင်းပန်သဖြင့် ရေးသားပြုစုအပ်သော ဤသင်္ဂြိဟ်ကျမ်းသည် ယခုအခါ အပြီးအဆုံးသို့ ရောက်ပေပြီ။

ကျမ်းပြုဆရာ အရှင်အနုရုဒ္ဓါ၏ အာသီသ

သဒ္ဓါ၊ ဆန္ဒ၊ ဝီမံသနှင့်လုံ့ လဝိုင်ခိုင်၊ မြိုင်ဆိုင်လှစွာသော ဤသင်္ဂြိဟ်ကျမ်းပြု မြတ်ကောင်းမှုကြောင့် ဘုန်းရှင်ကံရှင်တို့သာ နေတိုင်သိတင်းသုံးရာဖြစ်သော ကျွန်းလုံးတင်ပေါ်တုမူလသောမ ကျောင်းတိုက်တော်ကြီးကို ကမ္ဘာဆုံးသည်တိုင်အောင် နောင်လာ ရဟန်းတော်များသည် ပညာဂုဏ်၊ အကျင့်သီကွာဂုဏ်တို့ဖြင့် တင့်တယ်သော လဒ္ဓိသူမှန်တို့ချည်းသာ ဖြစ်ကြလျက် ကောင်းမှုစည်းစိမ် အရှိန်ပွားတိုး မဂ်လာအကျိုးငှာ အမြဲမပြတ် စောင့်ရှောက်ကြပါစေသတည်း။

အရှင်အနုရုဒ္ဓါဆရာတော် စီရင်သော အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိဟ်ကျမ်းသည် ဤတွင် လုံးဝဆုံး ပြီးပြည့်စုံလေပြီ။

ထိုးထားသော စာအုပ်များ	စာရေးဆရာနှင့် ပုံနှိပ်ထုတ်
၁။ Compendium of Philosophy	ဦးရွှေ၏အောင်(ဘီအေ)
၂။ အဘိဓမ္မတ္ထသင်္ဂဟပါဠိနှင့် နှစ်ဘက်လှ သင်္ကြိုဟ်မြန်မာပြန်	နှစ်ဘက်လှ ဦးကျော်လွင် သာသနာရေးဦးစီးပုံနှိပ်တိုက် (၁၉၈၆)
၃။ သင်္ကြိုဟ်ချနည်းကျမ်း	ဦးတေဇိန္ဒာဘိဝံသ အလုံ အောင်မင်္ဂလာ ပါဠိတက္ကသိုလ်၊လုပ်မှားပုံနှိပ်တိုက် ကန်တော်ကလေး (၁၉၈၀)
၄။ မြန်မာပြန် သင်္ကြိုဟ်ကျမ်း	အသျှင်နာရဒါဘိဝံသ ကျိုက်လတ် မစ္ဆိမာရဲ့ရွှေကျင်တိုက် (၁၃၂၄)
၅။ ဗုဒ္ဓအဘိဓမ္မာချုပ်	ဦးသော်ဇင် (ဩဂုတ် ၁၉၃၄) သီဟပုံနှိပ်တိုက်၊ အမှတ် ၄၀-၁၂၇ လမ်း
၆။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ပါဠိနိဿယ	ပထမ ဗားကရာဆရာတော်(မေ ၁၉၈၆) သုဓမ္မဝတီပုံနှိပ်တိုက် ၅၃-မောင်ခိုင်လမ်း
၇။ သုဓမ္မဝတီ သင်္ကြိုဟ်ပါဠိ	သုဓမ္မဝတီပုံနှိပ်တိုက် ၅၃-မောင်ခိုင်လမ်း
၈။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ပါဠိ	ကျစ္ဆာသယပုံနှိပ်တိုက် ၁၁၃-၂၄ လမ်း
၉။ A Manual of Abhidhamma (Abhidhammatha Sangaha) Vol I & II	Navada Thera (Vajerarama, Colombo by the Buddha Sasana Concil (1970)
၁၀။ သင်္ကြိုဟ်သရုပ်အခြေပြုကျမ်း	ဦးကျော်၊ အဘိဓမ္မာပြန့်ပွားရေးအသင်း
၁၁။ အခြေခံအဘိဓမ္မာဘာသာသင်တန်း	နတ်မောက်အရှင်တေဇိန္ဒ၊ အိမ်ထောင်ရာစာသင်တိုက်၊ အောင်သိန်းပုံနှိပ်တိုက် (၁၉၈၇)
၁၂။ ဗုဒ္ဓအဘိဓမ္မာနှစ်ချုပ်	ဒေါက်တာမင်းတင်မွန်(နိုဝင်ဘာ၁၉၈၇) တင်ဝင်းပုံနှိပ်တိုက်၊ ၄၈၃-ပြည်လမ်း
၁၃။ မြို့ပြင်ကြီး သင်္ကြိုဟ်အဓိပ္ပာယ်ကောက်	မြို့ပြင်ကြီးဆရာတော် သုဓမ္မဝတီပုံနှိပ်တိုက်၊ (၁၃၁၅)
၁၄။ ရှေးဦးသင် အဘိဓမ္မာ (၄ တွဲ)	ဦးအောင်သိမ်း ကုသလဝတီပုံနှိပ်တိုက်၊ရေကျော်(၁၉၆၃)
၁၅။ ဋီကာကျော်မြန်မာပြန် (၃ တွဲ)	မေဓာဝီဆရာဆိုင် (၁၃၁၇) ပြည်ထောင်စုမြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့
၁၆။ ဆဘိဓမ္မာသင်တန်း	ဆရာကြီးဦးကံသာ (ဇူလိုင် ၁၉၇၃) သာသနာ့အလင်းပုံနှိပ်တိုက်
၁၇။ အခြေပြုသင်္ကြိုဟ်	အရှင်ဇနကာဘိဝံသ
၁၈။ အဘိဓမ္မတ္ထသရုပကျမ်း	အရှင်သီရိန္ဒာဘိဓဇထေရ် ဟံသာဝတီပုံနှိပ်တိုက် (၁၃၀၂)
၁၉။ အဘိဓမ္မသင်္ဂြိုဟ်ပါဠိနိဿယ	ဗားကရာ ဆရာတော် မဂ်လာတိုင်း ပုံနှိပ်တိုက် (၁၂၉၂)
၂၀။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဆိုရိုး အဘေဓာက်	ပါဠိဆရာညွှန်နှင့် ဆရာဦးဘမောင် ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက် (၁၂၈၉)
၂၁။ သင်္ကြိုဟ်အဓိပ္ပာယ်ကောက်	မြန်မာပြည် ပုံနှိပ်တိုက် အလုပ်သမားမျှား အသင်း ပုံနှိပ်တိုက်
၂၂။ အဘိဓမ္မတ္ထသရုပဒီပနီကျမ်း	သေချတောင် အရှင်ဦးတိလောက ဇမ္ဗုမိတ်ဆွေပုံနှိပ်တိုက် (၁၉၁၂)
၂၃။ ဆင်တဲသင်္ကြိုဟ်အကောက်နှင့် အဘိဓမ္မတ္ထ သာရဝိနိစ္ဆယကျမ်း	ပါဠိဆရာကြီး ဦးဘော ကဝိမဏ္ဍိုင်ပုံနှိပ်တိုက် (၁၉၁၇)
၂၄။ အလယ်တန်းသင်္ကြိုဟ်	မစိုးရိမ်ဆရာတော်ဘုရား ပို့ချတော်မူသော ကျမ်း၊ မစိုးရိမ်သာသနာဟိတကာရီ
၂၅။ အဘိဓမ္မသရုပပုစ္ဆာဝိသဇ္ဇနကျမ်း (ပ-ဒု တွဲ)	ပါဠိဆရာကြီး ဦးစိုးသိန်း (ရေး) ဦးလှစိန် (တည်းဖြတ်)ဒေးလီဂေဇက်ပုံနှိပ်တိုက်
၂၆။ မဟာဝိဇ္ဇောဒယသင်္ကြိုဟ် ဆိုရိုးကျမ်း	တောင်ထီးလင်း အရှင်ပညာနန္ဒ (မေလ ၁၉၈၀)၊ နေလင်းစာပုံနှိပ်တိုက်၊ ၁၁၊ ကန်တော်ကလေး၊ ၁၂၅ လမ်း။